ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

ဝန် ကြီး ရုံး

နေပြည်တော်

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

**ရုံးအမိန့်စာအမှတ် ( ၀၁ / ၂၀၁၃ )**

၁။ မိုးကုတ်ရတနာမြေတွင် နိုင်ငံတော်နှင့်အကျိုးတူ ကျောက်မျက်တူးဖော်ထုတ်လုပ်လျက်ရှိသော သက်နိုင်အောင်ကုမ္ပဏီ၊ ဇမ္ဗူကျော်အောင်ကုမ္ပဏီ၊ ကျွန်မိသားစုကုမ္ပဏီ၊ လျှန်ရှန်းကုမ္ပဏီ(ကတုတ်တပ်-၂)၊ လျှန်ရှန်းကုမ္ပဏီ(ကျောက်ပုတ်-၁)၊ အိတ်စဲလင့်ကုမ္ပဏီတို့မှ ကျောက်မျက်ရိုင်းရှာဖွေပြီး စွန့်ပစ်ဂဲစာများကို နိုင်ငံတော်နှင့် အကျိုးတူ ကုမ္ပဏီအချိုးတူခွဲဝေရန်အတွက် အောက်ဖော်ပြပါ အရာထမ်း/အမှုထမ်းများပါဝင်သော အဖွဲ့ကို ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

| စဥ် | အမည် | ရာထူး/ဌာန | တာဝန် |
|---|---|---|---|
| (က) | ဦးထွန်းလတ် | ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးကိုကိုလွင် | ညွှန်ကြားရေးမှူး<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ကိုယ်စားလှယ်တစ်ဦး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့<br>သစ်တောနှင့်သတ္တုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ကိုယ်စားလှယ်တစ်ဦး | မိုးကုတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ကိုယ်စားလှယ်တစ်ဦး | မိုးကုတ်မြို့နယ်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ကိုယ်စားလှယ်တစ်ဦး | သက်ဆိုင်ရာအကျိုးတူကုမ္ပဏီ | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ်နှစ်ဦး | ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မိုးကုတ်) | အဖွဲ့ဝင် |
| (ဇ) | ဦးရွှေလင်းမောင် | ဒုတိယညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | အတွင်းရေးမှူး |

၂။ အထက်ပါအဖွဲ့သည် လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း ဆောင်ရွက်ကြရမည် -

(က) အကျိုးတူကုမ္ပဏီများမှထွက်ရှိသည့်ဂဲစာများသည် (၂)ကြိမ် ကြိတ်ခွဲခဲ့ပြီး ကျောက်မျက်ရိုင်းများ ရှာဖွေပြီးသည့် စွန့်ပစ်ဂဲစာများ ဖြစ်ရမည်။

(ခ) ဂဲစာများကိုခွဲဝေရာတွင် ကျောက်မျက်ရိုင်းရှာဖွေပြီးသည့်ဂဲစာများကိုသာ (၅၀း၅၀)ဖြင့်ခွဲဝေရမည်။

(ဂ) အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် သက်ဆိုင်ရာအကျိုးတူ ကုမ္ပဏီများမှ တာဝန်ရှိသူများ ရှေ့မှောက်တွင် ခွဲဝေမည့်စွန့်ပစ်ဂဲစာပုံအား (၂)ပုံ ပုံ၍ အညီအမျှ ဖြစ်/မဖြစ် စိစစ်ပေးရမည်။

D:\User GEST on administrator (192.168.0.16)\Office Order\order(office-1).doc

(ဃ) အဖွဲ့က အတည်ပြုဝိစစ်ဒုပုံထားသည့် စွန့်ပစ်ဂဲဓာပုံများကို နှင်မက်ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ ရှေ့မှောက်တွင် မဲနှိုက်ခွဲဝေသည့် စနစ်ဖြင့် မဲနှိုက်ခွဲဝေပေးရမည်။

(င) ခွဲဝေပေးပြီးဖြစ်သည့် စွန့်ပစ်ဂဲဓာများကို ရပ်ရွာဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများသို့ အကျိုးတူ ကုမ္ပဏီများက ခွဲဝေပေးမည်ဆိုပါကလည်း ဒေသခံပြည်သူများက အဆိုပါစွန့်ပစ် ဂဲဓာများကို ထုခွဲ၍ ကျောက်မျက်ရိုင်းများရှာဖွေပြီးပါက ရေနီချောင်းနှင့် ချောင်းလက်တက်များ ရေစီးရေလာ မထိခိုက်စေရန် စွန့်ပစ်ကြစေရေး ဆွေးနွေးမှာကြားရမည်။

ဒေါက်တာမြင့်အောင်
ပြည်ထောင်စုဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

စာအမှတ်၊ ၄ ခွဲ (၂) ၂၀၁၃ ( ၀၁၂၆ )
ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

<u>ဖြန့်ဝေခြင်း</u>

သက်ဆိုင်ရာအရာထမ်း၊ အမှုထမ်းများ

မိတ္တူကို

- မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
- ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန
- ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
- မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးကုတ်မြို့
- မြို့နယ်သစ်တောဦးစီးဌာန၊ မိုးကုတ်မြို့
- ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မိုးကုတ်)

အမိန့်အရ

21/1/13

(မင်းမင်းဦး)
ရုံးအဖွဲ့မှူး
သတ္တုတွင်းဝန်ကြီးဌာန

D:\User GEST on administrator (192.168.0.16)\Office Order\order(office-1).doc